မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၅၂ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**ဒုတိယဝန်ကြီး တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း ကို တာဝန်မှရပ်စဲလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ မန္တလေး နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း ကို ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင် ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၉/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅ (ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၏ ယှဉ်ပြိုင်အရွေးခံသူ ဦးထွန်းထွန်းဝင်းက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၂၀/၂၀၁၆) ဆုံးဖြတ်ချက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ဦးကိုကိုနိုင် အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးထွန်းထွန်းဝင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (က) အရ ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ဦးကိုကိုနိုင် သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှာ ဦးထွန်းထွန်းဝင်း [၅/ အတန (နိုင်) ၀၅၃၈၉၈] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၃၀/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ ရွေးကောက်တင်မြှောက် ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးအောင်မျိုးဦးက ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုဖြင့်လည်းကောင်း ကြားနာ စစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုအမှတ် (၁၉/၂၀၁၆) ဆုံးဖြတ်ချက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ဦးကျော်မြင့် အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးအောင်မျိုးဦး ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (က) အရ ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ဦးကျော်မြင့်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) ၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှာ ဦးအောင်မျိုးဦး [၉/ ရမသ (နိုင်) ၀၈၄၅၃၆] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၃၁/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

### ‘ဝ’ လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ နယ်မြေ (၂)၊ ရပ်ကွက် (၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၁/က) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **‘ဝ’ လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ** အား

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**'ဝ' လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၁၀၁) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )

အမှတ် ၆၄ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးကျော်ဆန်းက ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဦးမင်းတင်မွန် [၅/ကဘလ (နိုင်) ၁၅၃၅၂၄] အား ကိုယ်ရေးအရာရှိလစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် )

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ဖြင့် ရေးဆွဲဆောင်ရွက်ခဲ့ကြသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား နောက်ဆုံးလက်ခံဆောင်ရွက်ပေးမည့် သတ်မှတ်ရက်ကြေညာခြင်း**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို အဆိုပါဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရမည်ဖြစ်ပါသည်။

၂။ သို့ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အတည်ပြုထုတ်ပြန်ခြင်းမပြုမီက အချို့သော ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခင်ထုတ်ပြန်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များတင်ပြရန် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်များ ရှိနေပါသဖြင့် ကော်မရှင်အနေဖြင့် အဆိုပါ အဆိုပြုချက်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတို့ဖြင့် အဆိုပြုချက်များ ပြင်ဆင်ရေးဆွဲလျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အပိုဒ် ၂ ပါ သတ်မှတ်ရက်မတိုင်မီ အဆိုပြုချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပေးပို့တင်ပြကြရန်နှင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ အဆိုပြုချက်များအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီသာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(ပုံ) ကျော်ဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

### မြေ၊ အဆောက်အဦအတိုင်းအတာစိစစ်ရေးကော်မတီအဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) အပိုဒ်-၁ တွင်ပါရှိသော

(ဈ) (၁၄) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ကို အောက်ပါအတိုင်း အစားထိုးတာဝန်ပေးအပ်လိုက်သည်-

(ဈ) (၁၄) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ရှမ်းပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

အမိန့်အရ

ကျော်ဝင်း
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

**တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီအဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) အပိုဒ်-၁ တွင်ပါရှိသော

(ဆ) အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး) အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) (၁၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ကို အောက်ပါအတိုင်း အစားထိုးတာဝန်ပေးအပ်လိုက်သည်-

(ဆ) ဒုတိယအထွေထွေမန်နေဂျာ(ဘဏ္ဍာရေး) အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) (၁၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

အမိန့်အရ

ကျော်ဝင်း
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားပညာရေးမူဝါဒကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် )

**အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်)၊ အခန်း (၄) ပုဒ်မ (၆) (က) အရ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမြင့်ဆွေ | ပါမောက္ခချုပ် (ငြိမ်း)၊ မြိတ်တက္ကသိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာခင်အေး | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဂ) | ဒေါက်တာလွင်လွင်စိုး | ပါမောက္ခချုပ် (ငြိမ်း)<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာခင်မာထွန်း | ဒုတိယပါမောက္ခချုပ် (ငြိမ်း)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာခင်မာကြူ | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ ရူပဗေဒဌာန၊<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာတင်တင်အေး | ပါမောက္ခ (ငြိမ်း)၊ သတ္တဗေဒဌာန၊<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဒေါ်အေးကြည် | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ ရုက္ခဗေဒဌာန၊<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်မောင်အေး | တာဝန်ခံပါမောက္ခချုပ် (ငြိမ်း)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာကျော်ဝင်း | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ သမိုင်းဌာန၊<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ည) | ဦးအောင်မြင့် | တာဝန်ခံပါမောက္ခချုပ် (ငြိမ်း)<br>မုံရွာစီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်လှိုင် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာဒေါ်မြကြွယ် | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊<br>ပညာရေးသဘောတရားဌာန၊<br>ရန်ကုန်ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာစိုင်းကျော်နိုင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊<br>သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာသန်းထွဋ်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဇော်လတ်ထွန်း | ညွှန်ကြားရေးမှူး၊ သင်ရိုးဌာနခွဲ၊<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည်-

(၁) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းစေရေး၊

(၂) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်း တစ်ခုလုံးအတွက် အသုံးဝင်မည့်အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(၃) ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနှင့်တန်းတူ ညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေး၊

(၄) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော တန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင် နိုင်စွမ်းရှိရေး၊

(၅) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(၆) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့် အခြေခံပညာရေးအဆင့်အသီးသီးအတွက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး၊

(၇) သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(၈) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး၊

(၉) သင်ယူသူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များဖြစ်စေရေးနှင့် သင်ယူသူ၏ အသက်အရွယ် သဘာဝနှင့် ကိုက်ညီမှုရှိစေရေး၊

(၁၀) ရှေ့ဦးအရွယ် ကလေးသူငယ်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခုဆက်စပ်မှု ရှိစေရေး။

( ခ ) ကော်မတီသည် အမျိုးသားပညာရေးရည်မှန်းချက်များ၊ ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းစေရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(၁) အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများတွင်ပါဝင်သော သက်ဆိုင်ရာကောင်စီ၊ ကော်မတီ၊ အဖွဲ့များ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာပညာရှင်များအား ဖိတ်ခေါ်ဆွေးနွေးရန်၊

(၂) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် နည်းပညာနှင့်သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေး သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခုဆက်စပ်မှုရှိစေရေးအတွက် စိစစ်ဆောင်ရွက်ရန်၊

(၃) အခြေခံပညာအဆင့်အလိုက်နှင့် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းမူဘောင်များကို အခါအားလျော်စွာ သုံးသပ်ပြင်ဆင်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်သို့ တင်ပြရန်၊

(၄) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် သင်ကြားသော အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများကို စိစစ်ကြပ်မတ်ရန်နှင့် ထပ်ဆောင်းသင်ကြားပေးသော ဘာသာစကား၊ ဘာသာရပ်များနှင့်ပတ်သက်၍ မူဝါဒချမှတ်ပေးရန်၊

(၅) အစိုးရကျောင်းများနှင့် အခြားကျောင်းများ၊ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး အစီအစဉ်များ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် တန်းညှိပညာရေး အစီအစဉ်ဆိုင်ရာ အရည်အသွေးစံများ သတ်မှတ်ခြင်းကို စိစစ်ဆောင်ရွက်ရန်၊

(၆) အဆင့်မြင့်ပညာကျောင်းများတွင် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်သည့် သင်ကြားသင်ယူမှုစနစ် ကျင့်သုံးခွင့်ရှိခြင်းကို အသိအမှတ်ပြုလျက် သင်ရိုးညွှန်းတမ်းများသည် အမျိုးသားပညာရေးမူဝါဒများနှင့် ကိုက်ညီခြင်းရှိ/မရှိ သုံးသပ်အကြံပြုရန်။

( ဂ ) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားပညာရေးမူဝါဒကော်မရှင်သို့ အနည်းဆုံး သုံးလတစ်ကြိမ် အစီရင်ခံတင်ပြရမည်။

ဒေါက်တာမျိုးမြင့်
ဥက္ကဋ္ဌ
အမျိုးသားပညာရေးမူဝါဒကော်မရှင်

**[ယခင်အပတ် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများမှ အဆက် ]**

**အပိုင်း (၃) ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ ဖော်ပြချက်များ**

၁၀။ စာချုပ်ပါပစ္စည်းလွှဲပြောင်းသည့်တန်ဖိုး -------------------------------------

၁၁။ လွှဲပြောင်းသည့် စာချုပ်အမျိုးအစား -------------------------------------

၁၂။ စာချုပ်လက်ခံသည့်ရက်စွဲ -------------------------------------

၁၃။ စာချုပ်မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ -------------------------------------

၁၄။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ပစ္စည်းတန်ဖိုး -------------------------------------

[လွှဲပြောင်းသည့်ပုံစံ (ရောင်း/ပေးကမ်း/လှူဒါန်း/အထွေထွေ/အခြား)]

သတင်းပို့အဖွဲ့အစည်းအမည်/ဌာန -------------------------------------

သတင်းပို့အရာရှိအမည် -------------------------------------

သတင်းပို့အရာရှိရာထူး -------------------------------------

သတင်းပို့အရာရှိလက်မှတ် -------------------------------------

**သတ်မှတ်ပမာဏထက် ကျော်လွန်သောလွှဲပြောင်းမှုသတင်းပေးပို့ချက်**

(Threshold Transaction Report)

**ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များ**

**(မော်တော်ယာဉ်)**

**(နည်းဥပဒေ ၅၁)**

**အပိုင်း (၁) သတင်းပေးပို့ချက်အသေးစိတ်**

၁။ ပစ္စည်းအမျိုးအစား -------------------------------------

၂။ သတင်းပို့ချက်အမှတ်စဉ် -------------------------------------

၃။ သတင်းပို့သည့်နေ့စွဲ -------------------------------------

၄။ သတင်းပို့မှုအခြေအနေ -------------------------------------

၅။ ပစ္စည်းလွှဲပြောင်းသူ

(က) အမည် -------------------------------------

( ခ ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် -------------------------------------
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် -------------------------------------

( ဂ ) နေရပ်လိပ်စာ -------------------------------------

(ဃ) အလုပ်အကိုင် -------------------------------------

( င ) လူမျိုး/နိုင်ငံသား -------------------------------------

၆။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် -------------------------------------

( ခ ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် -------------------------------------

( ဂ ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ -------------------------------------

(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း -------------------------------------

( င ) တည်နေရာလိပ်စာ -------------------------------------

-------------------------------------

-------------------------------------

( စ ) စီးပွားရေးလုပ်ငန်းအမျိုးအစား -------------------------------------

၇။ ပစ္စည်းလွှဲပြောင်းပေးခြင်းခံရသူ

(က) အမည် ----------------------------------------

(ခ) နိုင်ငံသား/ အမျိုးသား/ နိုင်ငံခြားသားမှတ်ပုံတင် ----------------------------------------
အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်/ ဗီဇာအမှတ် ----------------------------------------

(ဂ) နေရပ်လိပ်စာ ----------------------------------------

(ဃ) အလုပ်အကိုင် ----------------------------------------

(င) လူမျိုး/ နိုင်ငံသား ----------------------------------------

၈။ ကုမ္ပဏီ/ အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/ အသင်းအဖွဲ့အမည် ----------------------------------------

(ခ) ကုမ္ပဏီ/ အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ----------------------------------------

(ဂ) ကုမ္ပဏီ/ အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ----------------------------------------

(ဃ) ကုမ္ပဏီ/ အသင်းအဖွဲ့၏အစည်းအဝေးမှတ်တမ်း ----------------------------------------

(င) တည်နေရာလိပ်စာ ----------------------------------------
----------------------------------------

(စ) မှတ်ပုံတင်ထားသည့်နိုင်ငံ ----------------------------------------

(ဆ) စီးပွားရေးလုပ်ငန်းအမျိုးအစား ----------------------------------------

**အပိုင်း (၂) ပစ္စည်းဆိုင်ရာဖော်ပြချက်**

၉။ မော်တော်ယာဉ်

(က) ယာဉ်အမှတ် ----------------------------------------

(ခ) အမျိုးအစား/ အရောင် ----------------------------------------

(ဂ) ထုတ်လုပ်သည့်ခုနှစ်၊ နိုင်ငံ ----------------------------------------

(ဃ) အင်ဂျင်အမှတ် ----------------------------------------

(င) ကိုယ်ထည်အမှတ် ----------------------------------------

(စ) လိုင်စင်အမှတ်နှင့်နေ့စွဲ ----------------------------------------

(ဆ) ရောင်းချသည့်စနစ် ----------------------------------------

(ဇ) စျေးကွက်တည်နေရာ၊ လိပ်စာ ----------------------------------------
----------------------------------------

**အပိုင်း (၃) ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ ဖော်ပြချက်များ**

၁၀။ စာချုပ်ပါပစ္စည်းလွှဲပြောင်းသည့်မော်တော်ယာဉ်တန်ဖိုး ----------------------------------------

၁၁။ လွှဲပြောင်းသည့်စာချုပ်အမျိုးအစား ----------------------------------------

၁၂။ စာချုပ်လက်ခံသည့်ရက်စွဲ ----------------------------------------

၁၃။ စာချုပ်မှတ်ပုံတင်အမှတ်နှင့်ရက်စွဲ ----------------------------------------

၁၄။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ မော်တော်ယာဉ်တန်ဖိုး ----------------------------------------

[လွှဲပြောင်းသည့်ပုံစံ (ရောင်း/ ပေးကမ်း/ လျှဒါန်း/ အထွေထွေ/ အခြား)]

သတင်းပို့အဖွဲ့အစည်းအမည်/ ဌာန ----------------------------------------

သတင်းပို့အရာရှိအမည် ----------------------------------------

သတင်းပို့အရာရှိရာထူး ----------------------------------------

သတင်းပို့အရာရှိလက်မှတ် ----------------------------------------

[ ဆက်လက်ဖော်ပြပါမည်]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် )

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၆ အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအားလုံး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၂) အမြဲတမ်းအတွင်းဝန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၃) အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၄) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၅) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၆) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၇) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၈) အမြဲတမ်းအတွင်းဝန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၉) ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန — အတွင်းရေးမှူး

(၂၀) ညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ပုံ) အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏
ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် )

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ဆပ်ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **လမ်းတံတားလုပ်ငန်းဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ဒုတိယအင်ဂျင်နီယာချုပ်<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယအင်ဂျင်နီယာချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယအင်ဂျင်နီယာချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးစီးအရာရှိ(ဒုတိယတန်း)(စစ်ဆင်ရေး)<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၁) | ဦးစီးအရာရှိ (ဒုတိယတန်း) (ဖြည့်တင်းရေး)<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အတွင်းရေးမှူး |
| (၁၄) | အင်ဂျင်နီယာမှူးကြီး<br>လမ်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) **ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၀) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဂ) **ပညာရေးလုပ်ငန်းဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၉) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အခြေခံပညာဦးစီးဌာန

(၁၀) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
အခြေခံပညာဦးစီးဌာန

(ဃ) **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ**

(၁) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန

(၈) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန

| | |
|---|---|
| (၁၀) ပါမောက္ခချုပ်<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၁) အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၂) ညွှန်ကြားရေးမှူး<br>စီမံကိန်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (၁၃) ညွှန်ကြားရေးမှူး<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

(င) **စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ**

| | |
|---|---|
| (၁) အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၅) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၆) ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၇) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၈) ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(စ) **သာသနာရေးလုပ်ငန်းဆပ်ကော်မတီ**

| | |
|---|---|
| (၁) အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(ဆ) **လူမှုဝန်ထမ်းလုပ်ငန်းဆပ်ကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစီမံကိန်းများကို လုပ်ငန်းဆပ်ကော်မတီအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲ၍ လုပ်ငန်းကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ခ) လုပ်ငန်းကော်မတီက အတည်ပြုပြီးသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရန်ပုံငွေဖြင့်သော်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်ကဏ္ဍအလိုက် လုပ်ငန်း စီမံကိန်းများ အောင်မြင်စေရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် တစိုက်မတ်မတ်အရှိန်အဟုန်မပြတ် အကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ တင်ပြအစီရင်ခံခြင်း။

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကချင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(ခ) ရှမ်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(ဂ) ကယားပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(ဃ) ကရင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(င) မွန်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(စ) တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(ဆ) ရခိုင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(ဇ) ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

(ဈ) စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး **ဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ**ကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား လည်းကောင်း၊ အတွင်းရေးမှူးများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအားလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး များကို တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများအားလည်းကောင်း တာဝန်ပေးအပ်၍ အဖွဲ့ဝင် များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သင့်လျော်သူများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဖွဲ့စည်းဆောင်ရွက်မှုကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီသို့ ပြန်လည်တင်ပြရန်ဖြစ်ပါသည်။

(ပုံ) အောင်ဆန်းစုကြည်

ဥက္ကဋ္ဌ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု

အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက် )

**မြန်မာနိုင်ငံပြတိုက်များကော်မတီ ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်စွဲပါ စာအမှတ်၊ ၁၁၂ (၁) / ၈ / သမ္မတရုံးအရ ပြတိုက်များ၏ ခေတ်နှင့်အညီ ပြောင်းလဲလာသော ပြတိုက်ခင်းကျင်းပြသရေးနည်းပညာများ၊ ပြတိုက်ပညာပေးရေးဆိုင်ရာနည်းလမ်းများ၊ ပြတိုက်ပစ္စည်းထိန်းသိမ်းရေးနည်းများ စသည့်ပြတိုက်ဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရာတွင်လည်းကောင်း၊ ပြည်တွင်းရှိ ပြတိုက်များအချင်းချင်း သတင်းအချက်အလက် ဖလှယ်ရန်အတွက်လည်းကောင်း၊ နည်းပညာများဖလှယ်ရန်အတွက်လည်းကောင်း မြန်မာနိုင်ငံ၏ ပြတိုက်များအားလုံး စုစည်းပါဝင်နိုင်မည့် **"မြန်မာနိုင်ငံပြတိုက်များကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဖြင့်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြတိုက်/စာကြည့်တိုက်)<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်ဝင်း<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နုမြဖုံ<br>ကျွမ်းကျင်သူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးငွေးအုံ<br>ပြတိုက်ပညာရှင် | အဖွဲ့ဝင် |
| (စ) | ဗိုလ်မှူး နိုင်လင်းမျိုး<br>စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်မှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းကြည်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယရဲမှူးကြီး ကျော်ဆန်း — အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် (ရန်ကုန်)
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒေါက်တာမောင်မောင်သန်းထိုက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားကျန်းမာရေးပြတိုက်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ည) ဦးမျိုးသန့် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
စိုက်ပျိုးရေးပြတိုက်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ဦးမျိုးမင်းထိုက် — အဖွဲ့ဝင်
တာဝန်ခံ
နက္ခတ်တာရာပြခန်း (ရန်ကုန်)
ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဌ) ဒေါ်ခင်ချိုချို — အဖွဲ့ဝင်
ပြတိုက်မှူး
ကမ္ဘာအေးဗုဒ္ဓယဉ်ကျေးမှုပြတိုက်
ပြည်ပသာသနာပြုဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဍ) ဒေါ်ညိုညိုဝင်း — အဖွဲ့ဝင်
ပြတိုက်မှူး
ရွှေတိဂုံဘုရားပြတိုက်
ပြတိုက်ပြခန်းဌာန၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ပည်းကျောက်စာဌာနခွဲ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ဏ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
အမျိုးသားပြတိုက် (နေပြည်တော်)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(တ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
အမျိုးသားပြတိုက် (ရန်ကုန်)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

**လုပ်ငန်းတာဝန်များ**

(က) ပြတိုက်များစနစ်တကျ ခင်းကျင်းပြသရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုပေးရန်၊
(ခ) ပြတိုက်များအချင်းချင်း သတင်းအချက်အလက် နည်းပညာများ ဖလှယ်နိုင်ရန်အတွက် စီစဉ်ပေးရန်၊
(ဂ) အပြည်ပြည်ဆိုင်ရာ ပြတိုက်အဖွဲ့အစည်းများသို့ ဝင်ရောက်ရန် လိုအပ်သော အထောက်အပံ့များ ပြုလုပ်ပေးရန်၊
(ဃ) ပြတိုက်များ၏ ပစ္စည်းစုဆောင်းရေးမူဝါဒ၊ ခင်းကျင်းပြသရေးမူဝါဒ၊ ပညာပေးရေးမူဝါဒ၊ လုံခြုံရေးမူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးရန်၊
(င) ပြတိုက်တစ်ခုချင်းစီအလိုက် ပြတိုက်ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ပေးရန်၊
(စ) ကော်မတီအစည်းအဝေးကို (၆) လလျှင် (၁) ကြိမ် ကျင်းပရန်။

**ရန်ပုံငွေသုံးစွဲမှု**

မြန်မာနိုင်ငံပြတိုက်များကော်မတီ အစည်းအဝေးကျင်းပခြင်းစရိတ်၊ ရုံးလုပ်ငန်းကုန်ကျစရိတ်၊ နိုင်ငံတကာအဖွဲ့အစည်းများသို့ ဝင်ရောက်ရာတွင် ပေးသွင်းရမည့် ကုန်ကျစရိတ်များအား စတင်ဖွဲ့စည်းသည့် တစ်နှစ်အတွင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ပုံငွေမှ ကျခံသုံးစွဲသွားမည်ဖြစ်ပါသည်။

**ရုံးအဖွဲ့**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် တာဝန်ပေးအပ်သော အမျိုးသားပြတိုက် (နေပြည်တော်) နှင့် (ရန်ကုန်) ဝန်ထမ်းများက ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။

**ရုံးတည်နေရာ**

အမျိုးသားပြတိုက် (နေပြည်တော်)

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

### အကြံပေးအဖွဲ့ (Advisory Team) နှင့် ပညာရှင်အဖွဲ့ (Technical Expert Team) ဖွဲ့စည်းခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့ (၁၇း၀၅) နာရီအချိန်တွင် မန္တလေးမြေငလျင်စခန်း၏အနောက်ဘက် (၁၂၃) မိုင်ခန့်အကွာ၊ ချောက်မြို့၏အနောက်ဘက် (၁၀) မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၆. ၈) ပြင်းအား ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်း၊ ရှင်းလင်းခြင်း၊ စစ်ဆေးခြင်း၊ ထိခိုက်ပျက်စီးမှုသုံးသပ်ခြင်း၊ အကြံပြုခြင်းတို့ဆောင်ရွက်နိုင်ရန်အတွက် **"အကြံပေးအဖွဲ့ (Advisory Team) နှင့် ပညာရှင်အဖွဲ့ (Technical Expert Team)"** တို့ကို အောက်ပါပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းလိုက်သည်-

**အကြံပေးအဖွဲ့ (Advisory Team)**

(က) ဒေါက်တာအောင်ကျော်မြတ်
ဂုဏ်ထူးဆောင်ပါမောက္ခ (မြို့ပြအိမ်ရာဌာန)
မန္တလေးနည်းပညာတက္ကသိုလ်

(ခ) ဒေါက်တာကျော်လတ်
နာယက၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(ဂ) Mr. Kai Weise
UNESCO Expert

(ဃ) ဦးအောင်မြင့်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

**ပညာရှင်အဖွဲ့ (Technical Expert Team)**

(က) ဦးသိန်းလွင် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ခ) ဦးဆန်းဦး — ဒု-အဖွဲ့ခေါင်းဆောင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာအသင်း

(ဂ) ဦးသန်းဇော်ဦး — ဒု-အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ဃ) ဦးညွန့်မောင်စန်း — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(င) ဦးစောထွေးဇော် — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(စ) ဦးမော်လင်း — အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာအသင်း

(ဆ) ဒေါက်တာမျိုးသန့် — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံမြေငလျင်အသင်း

(ဇ) ဦးသန့်ဇင်ထွေး — အဖွဲ့ဝင်
အင်ဂျင်နီယာအသင်း (မန္တလေး)

(ဈ) ဒေါ်စိုးစိုးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပြုပြင်ထိန်းသိမ်းရေး)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ည) ဦးဝင်းကြိုင် — အဖွဲ့ဝင်
ကျောင်းအုပ်ကြီး
ရှေးဟောင်းသုတေသန၊ နည်းပညာသင်တန်းကျောင်း (ပြည်)

(ဋ) ညွှန်ကြားရေးမှူး (အဆောက်အအုံ) — အဖွဲ့ဝင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(ဌ) ဒေါက်တာစုစု — အဖွဲ့ဝင်
ပါမောက္ခ(ဗိသုကာ)
မန္တလေးနည်းပညာတက္ကသိုလ်

(ဍ) ဒေါက်တာနီလာအေး — အဖွဲ့ဝင်
ပါမောက္ခ(မြို့ပြ)
အင်ဂျင်နီယာဌာန
မန္တလေးနည်းပညာတက္ကသိုလ်

(ဎ) ဒေါ်ဥမ္မာ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး(နံရံဆေးရေးပန်းချီကျွမ်းကျင်)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ဏ) ဦးဖြိုးမောင်မောင် — အဖွဲ့ဝင်
ဦးစီးအရာရှိ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(တ) ဦးကျော်မျိုးဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (GIS ကျွမ်းကျင်)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ထ) ဦးအောင်ကြိုင် — အဖွဲ့ဝင်
Bagan Heritage Trust

(ဒ) ဦးညွန့်ဟန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ဓ) ဦးစိုးစိုးလင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး(ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းရေး)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာများနှင့်ပူးပေါင်း၍လေ့လာ၊ စူးစမ်း၊ အကဲဖြတ်၊ မှတ်တမ်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန်၊

(ခ) ငလျင်ဒဏ်ကျရောက်ပြီး အရေးပေါ်စီမံခန့်ခွဲမှုအစီအစဉ်၊ ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းစဉ်၊ အန္တရာယ်ကျရောက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ရွှေ့ပြောင်းရမည့် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကိုပျက်စီးမှု၊ အနုပညာလက်ရာတန်ဖိုးအလိုက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းပြန်လည်ထားသိုခြင်း၊ မူလနေရာတွင် ပြန်လည်ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) ပျက်စီးဆုံးရှုံးသည့် ရှေးဟောင်းအဆောက်အအုံ ဘေးပတ်ဝန်းကျင် သန့်ရှင်းစင်ကြယ်ရေး ဆောင်ရွက်ရန်၊

( င ) ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများကို သက်ဆိုင်ရာများ၊ ထောက်ပံ့ကူညီဆောင်ရွက်သည့်စေတနာရှင်များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့်ပူးပေါင်းကာ ထိန်းသိမ်းခြင်း၊ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( စ ) ပျက်စီးဆုံးရှုံးသည့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်မူလလက်ရာမပျက်ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ ရေရှည်ကြံ့ခိုင်ရေးဆောင်ရွက်နိုင်ရေး စိစစ်ဆွေးနွေး အကြံပြုတင်ပြရန်၊

(ဆ) ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောင်ထပ်မံဖြစ်ပွားလာနိုင်မှုကို ထည့်သွင်းစဉ်းစားစီမံဆောင်ရွက်ရေးတင်ပြရန်၊

( ဇ ) လိုအပ်သော ဓာတုဗေဒဆိုင်ရာ ထိန်းသိမ်းခြင်းနှင့် အဆောက်အအုံဆိုင်ရာထိန်းသိမ်းခြင်းလုပ်ငန်း (Emergency Protection) ကို ဦးစားပေးအလိုက် ချက်ချင်းဆောင်ရွက်ရန်၊

(ဈ) ဦးစားပေးအလိုက် ဘဏ္ဍာငွေနှင့် ဆောင်ရွက်မှုအစီအစဉ်ပြုစုပြင်ဆင်ခြင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ ပြည့်စုံသော အစီရင်ခံစာရေးသားတင်ပြရန်၊

(ည) ပုဂံဒေသ၏မြေငလျင်ဖြစ်ပွားနိုင်သည့် ဇရိယာအလိုက်မြေပုံ (Earthquake Risk Hazard Map) ရေးဆွဲနိုင်ရေးကို မြန်မာနိုင်ငံမြေငလျင်အသင်းနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

( ဋ ) ရှေးဟောင်းအဆောက်အအုံများ၏ ပန္နက်ပုံအဆင့်အလိုက် ကြံ့ခိုင်မှုရှိ/မရှိ အသေးစိတ် စစ်ဆေးခြင်းနှင့် အကြံပြုခြင်းများဆောင်ရွက်ရန်၊

( ဌ ) ရှေးဟောင်းအဆောက်အအုံများ ရေရှည်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် ကြိုတင်ကာကွယ်မှုများနှင့်ပတ်သက်၍ နည်းပညာတက္ကသိုလ်များမှ ကျောင်းသူ/ကျောင်းသားများ ပူးပေါင်းပါဝင်မှုနှင့် Thesis / သုတေသနများဆောင်ရွက်ရေး စီစဉ်ကြီးကြပ်ပေးရန်၊

( ဍ ) UNESCO အပါအဝင် နိုင်ငံတကာပညာရှင်များ၊ နိုင်ငံတကာအကူအညီများအား ညှိနှိုင်းစီစဉ်ကြီးကြပ်ပေးရန်၊

( ဎ ) ရှေးဟောင်းဘုရားပုထိုး၊ အဆောက်အအုံများပြင်ဆင်ရေးနှင့်ပတ်သက်၍ UNESCO နှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ နည်းလမ်းများ၊ အကြံဉာဏ်များတင်ပြသွားရန်၊

(ဏ) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဌာနနှင့်ပူးပေါင်း၍ အကြံပြု၊ ဆွေးနွေး၊ ကြီးကြပ်စိစစ်ပေးသွားရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်)

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပစ္စည်းများဝယ်ယူရာတွင်လည်းကောင်း၊ တင်ဒါခေါ်ယူရေး၊ တင်သွင်းလာသည့် တင်ဒါများ စိစစ်ရွေးချယ်ရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး၊ အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီစေရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်စစ်ဆေးဆောင်ရွက်နိုင်ရန် **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) ဦးကျော်ငွေ | အမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး (သမဝါယမ) | ဥက္ကဋ္ဌ |
| (၂) ဦးမြသန်း | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ဦးကျော်မင်းဦး | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ဦးအောင်ထွန်းခိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ဦးမြင့်ဇင်ထူး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) ဦးမြင့်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၇) ဒေါ်မြင့်မြင့်သန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) ဦးစိုးမြင့်ထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၉) ဦးခင်မောင်ချို | လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ<br>(လယ်/ဆည်) | တွဲဖက်အတွင်းရေးမှူး |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

(၁) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကို ရရှိမည့် အကျိုးသက်ရောက်မှုဖြင့် နှိုင်းယှဉ်လေ့လာစိစစ်သွားရန်၊

(၂) တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲ စည်းမျဉ်း ညွှန်ကြားချက်များနှင့်အညီ စိစစ်ရန်၊

(၃) တည်ဆောက်ရေးလုပ်ငန်းများ၏ နည်းစနစ်၊ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအခြေအနေများကို သုံးသပ်ရန်၊

(၄) တည်ဆောက်ရေးလုပ်ငန်းများအတွက် ဦးစားပေးအဆင့် အတည်ပြု သတ်မှတ်ပေးရန်၊

(၅) တည်ဆောက်ရေး လုပ်ငန်းများကို နည်းပညာနှင့်ဒီဇိုင်းများ၊ ခေတ်မီ၍ စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်နိုင်ရေး၊ အမှန်ကုန်ကျစရိတ်များ ဖြစ်စေရေး စိစစ်ပေးရန်၊

(၆) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဆိုပြုတင်ပြသည့် နေရာများကို စိစစ်ရန်၊

(၇) မြေနှင့်အဆောက်အဦများကို တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်က သိမ်းဆည်းရန်လိုအပ်ပါက ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(၈) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများအား နေရာ၊ ဒေသ ပတ်ဝန်းကျင် အခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ရန်၊

(၉) တည်ဆောက်ရေးလုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင် အတည်ပြုခြင်း စသည်တို့အား ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီမှ ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် စိစစ်တင်ပြရန်၊

(၁၀) တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း ရှိ/မရှိနှင့် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘုတ်အဖွဲ့ဖြင့်ရွေးချယ်၍ လုပ်ငန်းအပ်နှံခြင်း ရှိ/မရှိကို စစ်ဆေးရန်၊

(၁၁) တင်ဒါခေါ်၍ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘုတ်အဖွဲ့ဖြင့် ရွေးချယ်ထားပြီး ဖြစ်သော်လည်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ တင်ပြ အတည်ပြုချက်ရယူထားခြင်း ရှိ/မရှိ စစ်ဆေးရန်၊

(၁၂) ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီမှ အိတ်ဖွင့်တင်ဒါခေါ်ယူရန် ခွင့်ပြုပါက တင်ဒါတွင် ထည့်သွင်းပေးရမည့် လိုအပ်သည့်အချက်အလက်များ၊ Specification များကို ဦးစီးဌာနများမှ တောင်းယူ၍ သတင်းစာများမှ ကြော်ငြာပြီး အိတ်ဖွင့်တင်ဒါခေါ်ယူရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(၁၃) တင်ဒါတင်သွင်းသည့် ကုမ္ပဏီစာရင်းများကို ပြုစုပြီး တင်ဒါတင်သွင်းလွှာများကို သက်ဆိုင်ရာ ဦးစီးဌာနသို့ပေးပို့၍ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိ၊ Specification နှင့် ညီညွတ်မှု ရှိ/မရှိ၊ Country of Origin မှန်/မမှန်၊ Technology ပိုင်း စစ်ဆေးရေးအဖွဲ့များနှင့် စိစစ်၍ ကြီးကြပ်ကွပ်ကဲရန်၊

(၁၄) တည်ဆောက်ရေးလုပ်ငန်းများကို တင်ပြထားသည့် ခန့်မှန်းခြေ (Estimate) နှင့် ကိုက်ညီမှု ရှိ/မရှိ၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး လုပ်ငန်းများအား တင်ပြထားသည့်အတိုင်း ဆောက်လုပ်ထားခြင်း ရှိ/မရှိကို စစ်ဆေးရန်၊

(၁၅) အဆောက်အဦများအား ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ရာတွင် ပစ္စည်းဈေးနှုန်းများ မှန်ကန်မှု ရှိ/မရှိ၊ သုံးစွဲသည့် ပစ္စည်းအရည်အသွေး မှန်ကန်မှု ရှိ/မရှိနှင့် မူလတင်ပြပါ စံချိန်စံညွှန်း ကိုက်ညီမှု၊ အရည်အသွေးနှင့် ဈေးနှုန်းတို့ မှန်ကန်မှု ရှိ/မရှိ စိစစ်ရန်၊

(၁၆) ကော်မတီ၏ အထက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များအရ လုပ်ငန်းညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(၁၇) ကော်မတီသည် အခါအားလျော်စွာ သီးသန့်အစည်းအဝေးပြုလုပ်ပြီး နိုင်ငံတော်မှ ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်၍ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအဆုံးအဖြတ်ခံယူရေးကို ကြီးကြပ်ဆောင်ရွက်ရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၆) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် အား ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်ခဲ့သော အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူးချုပ်အဖြစ် အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

၁။ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်အရ ရည်မှန်းထားသော (၂၀၂၀) ပြည့်နှစ်တွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသည့်လူဦးရေကို ထက်ဝက်လျှော့ချမည့် ရည်မှန်းချက်ပြည့်မီစေရန်အတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကိစ္စများကို အချိန်နှင့် တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းဖော်ဆောင်နိုင်ရေးအတွက် **"ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းကော်မတီ (Road Safety Task Force)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တပ်ဖွဲ့မှူး<br>အမြန်လမ်းမကြီးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |
| (ဌ) | တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

၂။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀) တွင် ပါရှိသည့်လုပ်ငန်းစဉ်များအား သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင် အထည်ဖော်ရန်။

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်ဖြစ်ပေါ်တိုးတက်မှုများအား အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်နှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီသို့ အစီရင်ခံတင်ပြရန်။

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများအနေဖြင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ စောင့်ကြည့်စိစစ်ရန်။

(ဃ) မော်တော်ဆိုင်ကယ်စီးသူများ ဦးထုပ်ဆောင်းစေရေး၊ ယာဉ်စီးသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စေရေး ပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများဆောင်ရွက်ရန်။

(င) မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို ခေတ်ကာလနှင့်ကိုက်ညီစေရေးပြင်ဆင်ရန်။

(စ) အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့်ကလေးငယ်များအတွက် ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းလိုက်နာရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပညာပေး အစီအစဉ်များ ထည့်သွင်းသင်ကြားရေး တွန်းအားပေးဆောင်ရွက်ရန်။

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာဆိုင်ရာ အထောက်အပံ့များရရှိစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်ရန်။

(ဇ) ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့နည်းကျဆင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
ဇော်မင်းဦး၊ အတွင်းရေးမှူး
အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် )

၁။ နိုင်ငံတော်သမ္မတရုံးသည် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၃/၂၀၁၆ ဖြင့် အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကော်မတီလုပ်ငန်းတာဝန်များတွင် "မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍများအပါအဝင် ပို့ဆောင်ရေးကဏ္ဍတစ်ခုလုံးကို နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းလမ်းညွှန်မှုချမှတ်ခြင်းများ ဆောင်ရွက်ရန်" ဖော်ပြပါရှိ ပါသည်။

၂။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးကဏ္ဍတစ်ခုလုံး နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီစေရန်၊ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းလမ်းညွှန်မှုချမှတ်ခြင်းများ ဆောင်ရွက်ရန်၊ အာဆီယံနှင့် မဟာမဲခေါင်ဒေသခွဲအတွင်း ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော်/နိုင်ငံဖြတ်သန်း သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်များအရ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှု လုပ်ငန်းများလွယ်ကူချောမွေ့စေရေးနှင့် အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ မိမိတို့နိုင်ငံအတွင်းနှင့်စာချုပ်အဖွဲ့ဝင်နိုင်ငံအချင်းချင်း အခက်အခဲနှင့် ပြဿနာများ ပေါ်ပေါက်ပါက ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် "အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ (National Transport Facilitation Committee-NTFC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ပ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အာမခံလုပ်ငန်း<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | အမှုဆောင်အရာရှိချုပ်<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း<br>(Union of Myanmar Federation of Chambers of Commerce and Industry - UMFCCI) | အဖွဲ့ဝင် |
| (ယ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များအသင်း<br>(Myanmar International Freight Forwarders Association-MIFFA) | အဖွဲ့ဝင် |
| (ရ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (လ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး-၁ |
| (ဝ) | ကျွမ်းကျင်သူ<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး-၂ |

၃။ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးပြီးသော အာဆီယံနှင့် မဟာမဲခေါင်ဒေသခွဲ ဒေသအတွင်း ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော်/နိုင်ငံဖြတ်သန်း သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် မိမိတို့နိုင်ငံအတွင်းနှင့် စာချုပ်အဖွဲ့ဝင်နိုင်ငံအချင်းချင်း အခက်အခဲနှင့် ပြဿနာများ ပေါ်ပေါက်ပါက ကိုင်တွယ်ဖြေရှင်းရန်၊

( ခ ) နယ်စပ်ဖြတ်ကျော်/နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း အဖွဲ့အစည်းများအကြား ကျင့်သုံးရန် ထုတ်ပြန်ထားသော နည်းစနစ်ပုံစံများနှင့် ပြည်တွင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လိုက်လျောညီထွေရှိစေရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ (အာဆီယံအမျိုးသားသယ်ယူပို့ဆောင်မှု ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ National Transport Coordinating Committee-NTCC နှင့် မဟာမဲခေါင်ဒေသခွဲ အမျိုးသားသယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးလုပ်ငန်းကော်မတီ National Transport Facilitation Committee-NTFC ၏ လုပ်ငန်းတာဝန်များ အပါအဝင်)

( ဂ ) ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော်/နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ခြင်း ခွင့်ပြုမိန့်ပါမစ် (GMS Road Transport Permit) ကို မူဘောင်သဘောတူစာချုပ် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အမျိုးသားအဆင့်မှ စိစစ်ထုတ်ပေးရန်၊ ပါမစ်စောင်ရေသတ်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပါမစ်ကင်းလွတ်ခွင့်ပြုခြင်းများအတွက် စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

(ဃ) နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ (Cross-Border Transport Operators) အား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းအတွက် အမျိုးသားအဆင့်မှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မူဘောင်သဘောတူစာချုပ်စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းရန်၊

( င ) ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော်/နိုင်ငံဖြတ်သန်း သယ်ယူပို့ဆောင်ခြင်း ခွင့်ပြုမိန့်ပါမစ် (GMS Road Transport Permit) နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် (Cross-border Transport Operator License) ထုတ်ပေးခြင်းများကို မှတ်ပုံတင်စာရင်းသွင်းစေပြီး နှစ်စဉ်ပြန်လည်သုံးသပ်ရန်၊ ပါမစ်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်စာရင်းကို အတည်ပြုပြီး အဖွဲ့ဝင်နိုင်ငံများ၏ NTFC များမှတစ်ဆင့် ပူးတွဲကော်မတီ (Joint Committee) သို့ ပေးပို့ရန်၊

( စ ) ကုန်စည်များ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေခြင်းအားဖြင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည်ဖြစ်သဖြင့် နိုင်ငံ၏ ပို့ကုန်/သွင်းကုန်ပမာဏကို စိစစ်ပြီး နယ်စပ်ဖြတ်ကျော်/နိုင်ငံ ဖြတ်သန်းခွင့်ပြုပါမစ် အရေအတွက်ကို နှစ်စဉ်သုံးသပ်ပြီးသတ်မှတ်ရန်၊

(ဆ) အထက်အပိုဒ် ၂၊ ၃၊ ၄ နှင့် ၅ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် Think Tank ဖွဲ့စည်းရန်နှင့် လိုအပ်သော ရုံးအဖွဲ့ကိုဖွဲ့စည်းပြီး တာဝန်ပေးအပ်ရန်၊

( ဇ ) နယ်စပ်ဖြတ်ကျော်/နိုင်ငံဖြတ်သန်း သယ်ယူပို့ဆောင်ခွင့်ပါမစ် စိစစ်ထုတ်ပေးရန်၊ သက်တမ်းတိုးရန်၊ ပါမစ်ကင်းလွတ်ခွင့်ထုတ်ပေးရန်၊ သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ပေးအပ်ထားသော ရုံးအဖွဲ့၏ ကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်ရေးကို ဆောင်ရွက်ရန်၊

(ဈ) ဒေသတွင်း အဖွဲ့အစည်းများအကြား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် e-customs, e-commerce နှင့် GMS Logistics Action Plan များ၊ Paperless Transaction System များအား ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လိုအပ်သောပြည်ပအကူအညီရယူခြင်း၊ လူ့စွမ်းအားအရည်အသွေးမြှင့်တင်ခြင်းများကို ဆောင်ရွက်ရန်၊

(ည) ဘေးအန္တရာယ်ဖြစ်စေသောကုန်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ သတ်မှတ်စည်းမျဉ်းများ၊ မူဘောင်သဘောတူစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်စေရေးကို ကြီးကြပ်ရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ၏ လိုက်နာနိုင်စွမ်းကို စိစစ်ရန်နှင့် လိုအပ်သောအသိပညာပေးရန်၊

(ဋ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းအသုံးပြုသူစည်းကမ်းနှင့် နယ်စပ်ဖြတ်ကျော်/နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်မှု စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များအား လိုက်နာမှုတွင် ထိရောက်မှုရှိစေရေး (Enforcement) ကို ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) GSM Business Association၊ GMS Freight Transport Association-FRETA ကုန်စည်ပို့ဆောင်ရေးအသင်းစသည့် ပုဂ္ဂလိကလုပ်ငန်းများဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပါဝင်မှုအရှိန်အဟုန်မြှင့်တင်ရန်၊

(ဍ) ခရီးသည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် ရေကြောင်း၊ လေကြောင်း၊ ရထား၊ ကားများ Interchange စနစ် အမှန်တကယ်ဖြစ်ပေါ်လာအောင် စီမံဆောင်ရွက်ရန်၊

(ဎ) ကုန်စည်စီးဆင်းမှုမှန်ကန်ရေးနှင့် General Cargo စနစ်မှ Container Cargo စနစ်သို့ စနစ်တကျအသွင်ကူးပြောင်းရေး Institutional Management ပြုလုပ်ပေးခြင်းနှင့် Law Enforcement ပြုလုပ်ရေးဆောင်ရွက်ရန်။

သန့်စင်မောင်
ဥက္ကဋ္ဌ
အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်
စီမံကိန်းများအကောင်အထည်ဖော်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို

ကျင့်သုံးလျက် **"ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် နိုင်ငံတော်မှထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းငွေများကို **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ** မှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအလိုက် စနစ်တကျထိန်းသိမ်း၊ ထုတ်ပေးဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်အလိုက် လိုအပ်သည့် ရန်ပုံငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှ တစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လျာထားတင်ပြရန်၊

(ဂ) လျာထားမှုပြုပြီးသော ရန်ပုံငွေများကို ချက်ချင်းသုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ ရန်ပုံငွေလျာထားချက်မရှိဘဲ အရေးပေါ်ဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေ ထပ်မံခွဲဝေလျာထားခြင်းနှင့် ကျခံသုံးစွဲခြင်းများအတွက်လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဆုံးဖြတ်ချက်ကို အလျင်အမြန်ရယူဆောင်ရွက်ရန်၊

(ဃ) ရန်ပုံငွေများ သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်ကိုက်ညီစေရေးအတွက် ကြပ်မတ်ကွပ်ကဲသွားရန်နှင့် စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ငွေစာရင်းများကို စနစ်တကျရှိစေရေး ဆောင်ရွက်ရန်၊

(င) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရရှိပြီးဖြစ်သော အသုံးစရိတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့လည်းကောင်း အလျင်အမြန်လွှဲပြောင်းထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ရန်ပုံငွေများရရှိမှု၊ သုံးစွဲမှုနှင့်လက်ကျန်စာရင်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီတင်ပြရန်၊

(ဆ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရာတွင် စနစ်တကျရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက လိုအပ်သော ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက် အကျိုးရှိစေရန်အတွက် ပစ္စည်းဝယ်ယူရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအရ ဖွင့်လှစ်ထူထောင်ထားသော တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲမှု ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းများ ရေးဆွဲအသုံးပြု ထိန်းသိမ်း၊ သုံးစွဲ ဆောင်ရွက်နိုင်ရေး လိုအပ်သော အထောက်အကူများ ပံ့ပိုးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်ရန်၊

(ဈ) ပြည်ပနိုင်ငံများ၏ ဘေးဖြစ်ပွားမှုနှင့် ထိခိုက်ဆုံးရှုံးမှုအတိုင်းအတာအလိုက် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေး ပံ့ပိုးဆောင်ရွက်ရန်၊

(ည) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၆)၊ ပုဒ်မ (၁၇) ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင်

အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | စစ်ဦးစီးအရာရှိချုပ် (ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစီမံချက်ကို အချိန်အခါ၊ အခြေအနေနှင့် အမြဲကိုက်ညီမှုရှိစေရေးအတွက် မပြတ်သုံးသပ်ရေးဆွဲဆောင်ရွက်ရန်၊

(ခ) သဘာဝဘေး (ရေဘေး၊ လေဘေး၊ ဆူနာမီဘေး၊ မီးဘေး၊ ငလျင်ဘေး စသည်) အလိုက် ဖြစ်နိုင်ဖွယ်ရှိသော ဒေသနှင့် လူဦးရေများအား လေ့လာ၍ ဘေးဒုက္ခသည်များအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လူအင်အား၊ စက်ယန္တရား၊ ပစ္စည်းကိရိယာ၊ စက်သုံးဆီစသည်တို့ ပြင်ဆင်ထားခြင်း၊ ဒေသအလိုက် မြေပြင်အနေအထားပေါ် မူတည်၍ ဒုက္ခသည်များ တိမ်းရှောင်ခိုလှုံနိုင်သောနေရာများ၊ အသက်ရှင်နေထိုင်ရန် လိုအပ်သောရိက္ခာ၊ ပစ္စည်းအခြေအနေများအား ကြိုတင်လေ့လာပြီးအရေးပေါ် အခြေအနေတွင်အမြန်ဆုံးရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ထားရန်၊

(ဂ) ငလျင်ဘေး၊ မီးဘေး၊ မြေပြိုဘေးစသည့်ဘေးများကြောင့် ပိတ်မိနေသော ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဒေသအလိုက် အထူးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ရန်၊

(ဃ) အရေးပေါ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများ၊ အစိုးရဌာနများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ် ခံစားနေကြရသူများ အသက်ဘေးမှ လွတ်မြောက်စေရန်နှင့် အသက်ရှင် ကျန်နေသူများအားလုံး ဆက်လက်ရှင်သန်နိုင်ရေးအတွက် ထိရောက်သော အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊

(စ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးသည်နှင့် ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(ဆ) ပြည်ပမှအကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ထားရန်နှင့် စုဖွဲ့လေ့ကျင့်ထားရန်၊

(ဇ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ဒေသများအပါအဝင် ကမ္ဘာတစ်ဝန်း နိုင်ငံများ၏ သဘာဝဘေးဖြစ်ပွားမှုများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အထူးလုပ်ငန်း အဖွဲ့များ ဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ပါဝင်ကူညီခြင်းတို့အတွက် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ပြင်ဆင်ထားရန်၊

(ဈ) ဘေးအမျိုးအစားအလိုက်၊ နေရာဒေသအလိုက် လိုအပ်သော ရှာဖွေကယ်ဆယ်ရေးနည်းပညာများ၊ ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများ ရရှိစုဆောင်းထားနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံများ၊ ပညာရှင်များ၏ အကြံဉာဏ်များကို ရယူကာ နှစ်စဉ် စီမံကိန်းများတွင် ထည့်သွင်း တောင်းခံခြင်း၊ တီထွင်ထုတ်လုပ်ခြင်း၊ စမ်းသပ်အသုံးပြုခြင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးနည်းပညာနှင့် ကျွမ်းကျင်မှုမြင့်မားရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့်

လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"လုံခြုံရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ကာကွယ်ရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) စစ်ဦးစီး (ဗိုလ်မှူးကြီး) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဈ) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ လုံခြုံရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးဖြစ်ပွားသည့်နေရာများတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ခ) လူအင်အား၊ လက်နက်ပစ္စည်းကိရိယာ၊ ယာဉ်ယန္တရား၊ စက်သုံးဆီ၊ ရိက္ခာစသည်တို့ ကြိုတင်စုဖွဲ့လေ့ကျင့်စုဆောင်းရန်၊

(ဂ) လုံခြုံရေးလုပ်ငန်းစီမံချက်ကို အချိန်အခါ၊ အခြေအနေနှင့် အမြဲကိုက်ညီမှုရှိစေရေးအတွက် မပြတ်သုံးသပ်ရေးဆွဲဆောင်ရွက်ရန်၊

(ဃ) အရေးပေါ် အခြေအနေပေါ်ပေါက်ပါက အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်နှင့်ဆက်စပ်ဖြစ်ပွားနိုင်သော အမှုအခင်းများ၊ ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်တွက်ဆ၍ လုံခြုံရေးစီမံချက်တွင် ထည့်သွင်းရေးဆွဲရန်၊ စီမံချက်များအတိုင်း ဆောင်ရွက်နိုင်ရေး လေ့ကျင့်ဆောင်ရွက်ရန်၊

(စ) လုံခြုံရေးစီမံချက်တွင် အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များ၊ သားသည်မိခင်များ၊ ကိုယ်စိတ်မကျန်းမာသူများကို အထူးကာကွယ်မှုပြုရမည့် အစီအမံများ ထည့်သွင်းရေးဆွဲဆောင်ရွက်ရန်၊

(ဆ) လုံခြုံရေးလုပ်ငန်းများ၊ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများ၊ အစိုးရဌာနများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(ဈ) ပြည်ပမှအကူအညီလိုအပ်သည်ဟုဆုံးဖြတ်သော ကိစ္စရပ်များအတွက် လုံခြုံရေးလုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကွန်ရက်ချိတ်ဆက် လေ့ကျင့်ခြင်း၊ မိမိနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကိုသာမက နိုင်ငံတကာ သတ်မှတ်ချက်များကိုပါ မိမိအင်အားထုအတွင်း ဆွေးနွေးပို့ချသင်ကြားထားရန်၊

(ည) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ဒေသများအပါအဝင် ကမ္ဘာတစ်ဝန်းနိုင်ငံများ၏ သဘာဝဘေးဖြစ်ပွားမှုများတွင် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ပါဝင်ကူညီခြင်းတို့အတွက် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ပြင်ဆင်ထားရန်၊

(ဋ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဌ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ်အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဍ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး    ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမှုဆောင်အရာရှိချုပ်<br>မြန်မာအမျိုးသားလေကြောင်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ရဲထောက်ချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ထ) ဦးဆောင်ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရေးပေါ်အသုံးပြုနိုင်ရန်အတွက် ဒေသအလိုက် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ရှင်းလင်းရေးယန္တရားများ စာရင်းပြုစုခြင်း၊ တာဝန်ပေးအပ်လာသည့် ကိစ္စများအတွက် ယာဉ် စီမံပေးခြင်းနှင့် သယ်ယူပို့ဆောင်ပေးခြင်းဆောင်ရွက်ရန်၊

(ခ) ချဉ်းကပ်လမ်းကြောင်း၊ အရန်ချဉ်းကပ်လမ်းကြောင်းများ၏ စာရင်းကိုပြုစု၍ ထိုလမ်းကြောင်းများ၏ အခြေအနေ၊ လမ်းကြောင်းအကျယ်၊ လမ်းသားအခြေအနေ (မြေသား၊ ကျောက်ခင်း၊ ကတ္တရာခင်း)၊ ဆင်ခြေလျှော၊ ကွေ့များ၊ တံတားများအခြေအနေ (ဝန်ချိန်၊ တံတားအရှည်၊ တံတားအမျိုးအစား)၊ တံတားများပျက်စီးနေပါက လမ်းလွှဲသွားနိုင်သောအခြေအနေ၊ မကြာခဏပျက်စီးတတ်သော လမ်းပိုင်းအခြေအနေစသည်တို့ကို စာရင်းရယူပြုစုထားရန်၊ အစဉ်ကောင်းမွန်နေရေး စီမံ ဆောင်ရွက်ရန်၊

(ဂ) ရေကြောင်းပင်မလမ်းများ၊ ချဉ်းကပ်လမ်းအဖြစ်အသုံးပြုနိုင်သော ရေလမ်းကြောင်းအခြေအနေများအား လေ့လာပြုစုထားရန်၊

(ဃ) လေဆိပ်၊ ရဟတ်ယာဉ်ဆင်းကွင်းများအား ကြိုတင်စာရင်းပြုစုထားရန်၊

(င) အသုံးပြုရမည့် စက်သုံးဆီအမျိုးအစားအလိုက် လိုအပ်သောနေရာများတွင် လိုအပ်သော ပမာဏအတိုင်း သိုလှောင်ထားရန်၊

(စ) သဘာဝဘေးကာကွယ်ရေးအတွက် ယာဉ်များစုစည်းရာတွင် ငြင်းဆန်ပါက အရေးယူရန် အုပ်ချုပ်မှုအမိန့်များ ထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းတင်ပြဆောင်ရွက်ရန်၊

(ဆ) လမ်းကြောင်းတစ်လျှောက် ယာဉ်ရပ်နားရန်အတွက် သတင်းပို့စခန်းများ သတ်မှတ်ထားရန်နှင့် ၎င်းနေရာများတွင် ဆက်သွယ်ရေးစက်များထားရှိရန်၊

(ဇ) ယာဉ်အုပ်စုအလိုက်ဆက်သွယ်ရေးစက်များထားရှိ ဆက်သွယ်နိုင်ရေးနှင့် ယာဉ်အုပ်စုအတွင်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်တစ်စီးစီ စီစဉ်ထားရှိနိုင်ရေး၊ မြို့နယ်အလိုက် ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ တင်ဆောင်ရမည့်နေရာများ၏ စာရင်းရယူရေး၊ ယာဉ်အုပ်စုအလိုက် ကြီးကြပ်ရေးအဖွဲ့နှင့် လုံခြုံရေးအစောင့်အရှောက်များထားရှိရေး အစရှိသော စီမံမှုများကို ဆောင်ရွက်ထားရန်၊

(ဈ) သဘာဝဘေးအမျိုးအစားအလိုက် တောင်းခံလာနိုင်သောယာဉ်၊ ယန္တရားများစာရင်း၊ ရေသယ်ယာဉ်၊ လောင်စာဆီသယ်ယာဉ်၊ လူနာတင်ယာဉ် စာရင်းများ ကြိုတင်ပြုစုထားရန်၊

(ည) သယ်ယူပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးအတွက် လိုအပ်မည့်အုပ်ချုပ်မှုအစီအမံများကို ကြိုတင်ညှိနှိုင်းပြင်ဆင်ထားရန်၊

(ဋ) အရေးပေါ်ကာလအတွက် ဆက်သွယ်မှုစနစ်ထူထောင်နိုင်ရေး အမြဲအသင့် ပြင်ဆင်ထားရန်နှင့် အခါအားလျော်စွာ ဇာတ်တိုက်လေ့ကျင့်စစ်ဆေးထားရန်၊

(ဌ) တာဝန်ယူဆောင်ရွက်မည့်ပုဂ္ဂိုလ်များအား ဆက်သွယ်ရေးဆိုင်ရာ သင်တန်းများ သင်ကြားပို့ချရန်၊

(ဍ) အရေးပေါ်ဆက်သွယ်ဆောင်ရွက်ရမည့် အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်/ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်များရှိတာဝန်ရှိပုဂ္ဂိုလ်များ၏ တယ်လီဖုန်း၊ မိုဘိုင်းဖုန်း၊ ဖက်စ် နံပါတ်များ၊ ဆက်သွယ်ရေးစက်များ၏ အခေါ်အဝေါ်နှင့် လှိုင်းနှုန်းများအား စုစည်းပြုစု၍ တာဝန် ရှိသူများထံ ကြိုတင်ဖြန့်ဝေထားရန်၊

(ဎ) သဘာဝဘေးကြိုတင်သတိပေးချက်ရရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဏ) အရေးပေါ်အချိန်တွင် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန များ၏ ခန့်မှန်းချက်များအဆက်မပြတ်ရရှိရေးအတွက် လက်ရှိဆက်သွယ်ရေးစနစ်အပြင် လိုအပ်ပါက အရန်ဆက်သွယ်ရေးစနစ် ထူထောင်ထားနိုင်ရေးဆောင်ရွက်ရန်၊

(တ) ဗဟိုမှ သဘာဝဘေးခံရသော ဒေသသို့သွားရောက်မည့် ကွပ်ကဲရေးအဖွဲ့များသို့ အထက်၊ အောက်၊ ဘေးနံဆက်သွယ်နိုင်မည့် ဆက်သွယ်ရေးစနစ် တစ်ရပ်ထူထောင်ပေးရန်၊

(ထ) ဒေသအလိုက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတိုင်းတွင် သက်ဆိုင်ရာ ဒေသ၌ ဖြစ်ပွားလေ့ရှိသော သဘာဝဘေးများအတွက် အရေးပေါ်အခြေအနေတွင် ရှောင်တိမ်း နိုင်မည့်လမ်းကြောင်းနှင့် ဆက်သွယ်ရေးစနစ်အတွက် တစ်ပါတည်း ထည့်သွင်းနိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်၊

(ဒ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက် စီးဆင်းနိုင်မှုအတွက် နည်းပညာများ၊ ပစ္စည်းကိရိယာများ ပြည်သူများအတွင်း အလွယ်တကူသိရှိသုံးစွဲနိုင်ရေးမပြတ် ကြံဆဆောင်ရွက်ရန်၊

(ဓ) အရေးပေါ်ကာလ ပို့ဆောင်ရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် ဒေသအလိုက် လူအင်အားနှင့်ပစ္စည်းကိရိယာများ စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ လိုအပ်သော သင်တန်းများပို့ချပေးခြင်း၊ နှစ်စဉ်စီမံကိန်းများတွင် စနစ်တကျလျာထားရေးဆွဲ အကောင်အထည် ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(န) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ပ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဖ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကိုဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

**[ယခင်အပတ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၃၀/၂၀၁၅ မှအဆက် ]**

**ပုံစံ (ဆ)**

**ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက**
**မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်လွှာ**
**[နည်းဥပဒေ ၁၆ (က)]**

သို့

............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၊
............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး၊
............................ မြို့။

ရက်စွဲ ............................။

အကြောင်းအရာ။ **မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားခြင်း**

လျှောက်ထားသူ ................. မြန်မာကုမ္ပဏီ/ အသင်းအဖွဲ့ ..................... ..................... သည် အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်း မပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာ အလေ့အကျင့်ကောင်းများရရှိရေးအတွက် ပြုစုပျိုးထောင်ပေးရန် အလို့ငှာ မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်လိုပါသဖြင့် သက်ဆိုင်ရာ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေး အတွက်လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူ၏ အမည်နှင့် အဖအမည် ........................................................
- လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................
- လျှောက်ထားသူ၏ အသက်နှင့် မွေးသက္ကရာဇ် ....................................................
- လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................
- လျှောက်ထားသူ၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ............................................
- ကုမ္ပဏီ/အသင်းအဖွဲ့တွင် လျှောက်ထားသူ၏ တာဝန်နှင့်အလုပ်အကိုင် ....................... ................................................................................................
- လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ................................................................................................ ................................................................................................

၂။ မူလတန်းကြိုကျောင်း အမည် ........................................................................
- မူလတန်းကြိုကျောင်း၏ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ....................................................................... ................................................................................................

၃။ မူလတန်းကြိုကျောင်း အမျိုးအစား ..................................................................

၄။ လျှောက်ထားသူ၏ကုမ္ပဏီ/အသင်း အဖွဲ့အမည်၊ မှတ်ပုံတင်အမှတ်၊ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ..............................................

...............................................................................................................................

၅။ ဤလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊

(ခ) မူလတန်းကြိုအရွယ် ကလေးသူငယ်များဖြစ်သည့် အသက် (၃) နှစ်ပြည့်ပြီး အသက် (၄) နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက် (၄) နှစ်မှ (၅) နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက်(၅)နှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသော ကလေးသူငယ်ဦးရေ၊ စုစုပေါင်း မူလတန်းကြိုအရွယ် ကလေးသူငယ်ဦးရေ၊

(ဂ) မူလတန်းကြိုကျောင်း အဆောက်အအုံအမျိုးအစား၊ အကျယ်အဝန်း၊ မူလတန်းကြိုကျောင်း အခန်းဦးရေ၊ အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့် အထောက်အထားများနှင့် ယင်းအထောက်အထားများ၏ မိတ္တူ သို့မဟုတ် ဓာတ်ပုံ၊

(ဃ) မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းသုံးပစ္စည်း၊ ပရိဘောဂနှင့်သင်ထောက်ကူပစ္စည်းစာရင်း၊

(င) တာဝန်ခံကျောင်းအုပ်နှင့် ပြုစုပျိုးထောင်ပေးမည့် ဆရာ၊ ဆရာမအသီးသီး၏ အသက်၊ ပညာအရည်အချင်း၊ မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးသင်တန်း တစ်ခုခု အောင်လက်မှတ်၊

- နိုင်ငံသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား အထောက်အထားမိတ္တူ၊
- နိုင်ငံခြားသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံ၊ နိုင်ငံသား အမည်၊ ပတ်စ်ပို့နှင့် ဗီဇာအထောက်အထား မိတ္တူ၊

(စ) ဆရာ၊ ဆရာမနှင့် ဝန်ထမ်းဦးရေ၊

(ဆ) ရက်သတ္တတစ်ပတ်စာ သင်ကြားမှုအချိန်ဇယား၊

(ဇ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဈ) သက်ဆိုင်ရာခရိုင် လူမှုဝန်ထမ်းရုံး၏ ထပ်ဆင့်ထောက်ခံချက်၊

(ည) တည်ထောင်ခွင့်ပြုမိန့်ကို တစ်ဆင့် ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုလုပ်ပါကြောင်း ဝန်ခံချက်၊

(ဋ) တည်ထောင်ခွင့်ပြုမိန့် ရရှိပါက ဗဟိုကြီးကြပ်ရေး အဖွဲ့က နည်းပညာ အကူအညီပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

လက်မှတ် ..............................

လျှောက်ထားသူအမည် ..............................

လျှောက်ထားသူတာဝန် ..............................

**[ ဆက်လက်ဖော်ပြပါမည်]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၅) မှ သဘောတူခွင့်ပြုခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆) ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးကိုပြင်ဆင်ဖွဲ့စည်းခြင်းအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး၊ ဌာနများတွင် ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း/ဌာန | ပြောင်းရွှေ့ရမည့်ရာထူး/ လစာနှုန်း/ဌာန |
|---|---|---|---|
| ၁။ | ဦးကြည်လွင် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးရုံး ဥက္ကဋ္ဌရုံး |
| ၂။ | ဒေါ်စန်းစန်းကြည် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးရုံး ဥက္ကဋ္ဌရုံး |
| ၃။ | ဒေါ်ခိုင်စုစု | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးရုံး ဥက္ကဋ္ဌရုံး |
| ၄။ | ဒေါ်အေးပွင့်စိုး | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးရုံး ဥက္ကဋ္ဌရုံး |

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် )

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံခန့်ခွဲမှုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီကို အောက်ပါ အတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါက်တာဝင်းသိမ်း<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းမော်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးသန်းထွန်း<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဦးပွား<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် | အဖွဲ့ဝင် |
| (င) | ဦးစောဗယ်လင်တိုင်း<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် | အဖွဲ့ဝင် |
| (စ) | ဦးညီညီစံ<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်တင်စိုး<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး | အတွင်းရေးမှူး |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲမှုကော်မတီသည် ဥက္ကဋ္ဌရုံးအပါအဝင် ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန (၂) ခုနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (၂) ခုတို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ် များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များအား

နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည် ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) ဥက္ကဋ္ဌရုံး၊ ဦးစီးဌာန၊ တက္ကသိုလ်များတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းစသည့်ကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်။

(ခ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဦးစီးဌာနတက္ကသိုလ်များ၏ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း/လျှော့ချခြင်း၊ အမည်ပြင်ဆင်ပြောင်းလဲခြင်းကိစ္စရပ်များအား စိစစ်ကြပ်မတ်ရန်။

(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံ့ဝန်ထမ်းအရာထမ်းများ ပြောင်းရွှေ့ရေးကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ရန်။

(ဃ) နိုင်ငံ့ဝန်ထမ်းဥပဒေ/နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ သုတေသနပြုခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အထောက်အပံ့ပေးခြင်းကိစ္စရပ်များ ဆောင်ရွက်ရန်။

(င) နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်ရန်။

(စ) ပြည်ထောင်စုအရအသုံးဆိုင်ရာဥပဒေနှင့် ပြည်ထောင်စုစီမံကိန်းဥပဒေတို့အရ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများ၊ အဖွဲ့ရန်ပုံငွေ ပြင်ပမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းအတွက် သတ်မှတ်စည်းကမ်းများနှင့်အညီ ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိစေရေး ကြပ်မတ်ရန်။

(ဆ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံး၊ ဦးစီးဌာနနှင့်တက္ကသိုလ်များ၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းလျာထားခြင်းကိစ္စရပ်များ ဘဏ္ဍာငွေခွင့်ပြုမှုအပေါ် ငွေကြေးသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရေး၊ ဘဏ္ဍာရေးနှစ်အတွင်း လအလိုက် လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

(ဇ) နိုင်ငံ့ခြားတိုင်းပြည်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ လွှတ်တော်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ e-Government အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေး၊ သာသနာရေး ကိစ္စရပ်များ ဆောင်ရွက်သွားရန်။

(ဈ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများနှင့် အထက်ဌာနများ၏ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားရန်။

(ည) အစိုးရသစ်လက်ထက် အကောင်အထည်ဖော်မည့် ကာလတို၊ ကာလလတ်၊ ကာလရှည်၊ စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အထောက်အကူပြုရေး လိုအပ်သည့် အစီအမံများ ညှိနှိုင်းဆောင်ရွက်ရန်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် )

၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၆) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အား **ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)** ဟု အမည်ပြင်ဆင် ပြောင်းလဲလိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၆) အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဦးခင်မောင်ဝင်း အား ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက် ပိုင်းမှစ၍ ဝန်ထမ်းရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးချုပ် လစာနှုန်း ၅၀၀,၀၀၀ ရာထူးဖြင့် အစမ်းခန့်ထားလိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးမှ လက်ထောက်အတွင်းဝန် လစာနှုန်း (၃၄၀,၀၀၀- ၄,၀၀၀- ၃၆၀,၀၀၀) ဦးမြင့်ဆွေ အား ဥက္ကဋ္ဌရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးသို့ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

အမျိုးသားလွှတ်တော်ရုံးတွင် အစမ်းခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်ထားစုစုကျော် | ဒုတိယညွှန်ကြားရေးမှူး |
| ၂။ | ဒေါ်လှလှဝင်း | ဒုတိယညွှန်ကြားရေးမှူး |
| ၃။ | ဦးမြင့်စိန် | လက်ထောက်ညွှန်ကြားရေးမှူး |

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၄၄/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )

**တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃၉/ ၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်၏ ကိုယ်ရေးအရာရှိ ဦးကျော်စိုးနိုင်သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်တာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

# စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )

အမှတ် ၁၄၅/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) | ဇော်ဝင်းမြင့် | ကြည်း | ၇၀၆၁၅ | (၃၀) | မြင့်စိန် | ကြည်း | ၇၀၆၄၄ |
| (၂) | ထိန်ဝင်း | ကြည်း | ၇၀၆၁၆ | (၃၁) | တင်ဦး | ကြည်း | ၇၀၆၄၅ |
| (၃) | ကျော်မင်း | ကြည်း | ၇၀၆၁၇ | (၃၂) | မင်းဦး | ကြည်း | ၇၀၆၄၆ |
| (၄) | သန်းညွန့် | ကြည်း | ၇၀၆၁၈ | (၃၃) | မြင့်သူ | ကြည်း | ၇၀၆၄၇ |
| (၅) | ထိန်ဝင်း | ကြည်း | ၇၀၆၁၉ | (၃၄) | သောင်းလွင် | ကြည်း | ၇၀၆၄၈ |
| (၆) | စန်းလွင် | ကြည်း | ၇၀၆၂၀ | (၃၅) | မြင့်လွင် | ကြည်း | ၇၀၆၄၉ |
| (၇) | ဝင်းလှိုင် | ကြည်း | ၇၀၆၂၁ | (၃၆) | အောင်သန်း | ကြည်း | ၇၀၆၅၀ |
| (၈) | မောင်ဟန် | ကြည်း | ၇၀၆၂၂ | (၃၇) | မြင့်သိန်း | ကြည်း | ၇၀၆၅၁ |
| (၉) | လှမင်း | ကြည်း | ၇၀၆၂၃ | (၃၈) | ကိုကိုလေး | ကြည်း | ၇၀၆၅၂ |
| (၁၀) | မျိုးသိန်း | ကြည်း | ၇၀၆၂၄ | (၃၉) | မိုးဝင်း | ကြည်း | ၇၀၆၅၃ |
| (၁၁) | မြင့်အောင် | ကြည်း | ၇၀၆၂၅ | (၄၀) | ချစ်ရှိန် | ကြည်း | ၇၀၆၅၄ |
| (၁၂) | ဇော်ထွန်းအောင် | ကြည်း | ၇၀၆၂၆ | (၄၁) | ထွန်းထွန်းလှိုင် | ကြည်း | ၇၀၆၅၅ |
| (၁၃) | ကျော်အောင် | ကြည်း | ၇၀၆၂၇ | (၄၂) | သန်းဝင်း | ကြည်း | ၇၀၆၅၆ |
| (၁၄) | အေးထွန်း | ကြည်း | ၇၀၆၂၈ | (၄၃) | ခင်မောင်မြင့် | ကြည်း | ၇၀၆၅၇ |
| (၁၅) | လှရှိန် | ကြည်း | ၇၀၆၂၉ | (၄၄) | လှသန်း | ကြည်း | ၇၀၆၅၈ |
| (၁၆) | သန်းဦး | ကြည်း | ၇၀၆၃၀ | (၄၅) | သန်းထွန်းမောင် | ကြည်း | ၇၀၆၅၉ |
| (၁၇) | တင်မောင်ရွှေ | ကြည်း | ၇၀၆၃၁ | (၄၆) | ဝင်းနိုင် | ကြည်း | ၇၀၆၆၀ |
| (၁၈) | အောင်မြတ် | ကြည်း | ၇၀၆၃၂ | (၄၇) | စန်းအောင် | ကြည်း | ၇၀၆၆၁ |
| (၁၉) | ဝင်းနိုင် | ကြည်း | ၇၀၆၃၃ | (၄၈) | အောင်ကျော်ဦး | ကြည်း | ၇၀၆၆၂ |
| (၂၀) | ဇော်သင်း | ကြည်း | ၇၀၆၃၄ | (၄၉) | မြင့်ကံ | ကြည်း | ၇၀၆၆၃ |
| (၂၁) | ငြိမ်းအောင် | ကြည်း | ၇၀၆၃၅ | (၅၀) | လှရွှေ | ကြည်း | ၇၀၆၆၄ |
| (၂၂) | စိုးရှင် | ကြည်း | ၇၀၆၃၆ | (၅၁) | ဝင်းချို | ကြည်း | ၇၀၆၆၅ |
| (၂၃) | ဝင်းမြင့် | ကြည်း | ၇၀၆၃၇ | (၅၂) | မောင်မောင်မြင့် | ကြည်း | ၇၀၆၆၆ |
| (၂၄) | လှမင်း | ကြည်း | ၇၀၆၃၈ | (၅၃) | ထွန်းဝေ | ကြည်း | ၇၀၆၆၇ |
| (၂၅) | ခင်မောင်ကြည် | ကြည်း | ၇၀၆၃၉ | (၅၄) | ခင်မောင်လွင် | ကြည်း | ၇၀၆၆၈ |
| (၂၆) | ဝင်းနိုင် | ကြည်း | ၇၀၆၄၀ | | | | |
| (၂၇) | မျိုးသန့် | ကြည်း | ၇၀၆၄၁ | | | | |
| (၂၈) | စိန်ဝင်း | ကြည်း | ၇၀၆၄၂ | | | | |
| (၂၉) | စိုးမြင့် | ကြည်း | ၇၀၆၄၃ | | | | |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ဂိုးဒင်း လင့် (ခ်စ်) ကုမ္ပဏီလီမိတက်**

**(GOLDEN LYNX COMPANY LIMITED)** အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | ၁၆-၁-၂၀၁၇ |
| ကျင်းပမည့်အချိန် | နံနက် (၁၀း၃၀) နာရီ |
| ကျင်းပမည့်နေရာ | အမှတ် (၂)၊ (၁) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), C.P.A
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

**သစ်လွင်သော ကောင်းကင်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(Neo Sky Services Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **သစ်လွင်သော ကောင်းကင်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်** အား (၁၃-၁၂-၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]**၊ အမှတ် (၄၉/၅၁)၊ (၇) လွှာ၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၃-၁-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခင်မာလွင်
မန်နေးဂျင်းဒါရိုက်တာ
သစ်လွင်သော ကောင်းကင်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**သစ်လွင်သော ကောင်းကင်အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်**

**(Neo Sky Engineering Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **သစ်လွင်သော ကောင်းကင်အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်** အား (၁၃-၁၂-၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]**၊ အမှတ် (၄၉/၅၁)၊ (၇) လွှာ၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၃-၁-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခင်မာလွင်
မန်နေးဂျင်းဒါရိုက်တာ
သစ်လွင်သော ကောင်းကင်အင်ဂျင်နီယာလုပ်ငန်း
ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## သစ်လွင်သော ကောင်းကင်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်

## (Neo Sky International Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **သစ်လွင်သော ကောင်းကင်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်** အား (၁၃-၁၂-၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]**၊ အမှတ် (၄၉/၅၁)၊ (၇) လွှာ၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို (၁၃-၁-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ခင်မာလွင် | ခင်စောယု |
| မန်နေးဂျင်းဒါရိုက်တာ | B.Com (Q), C.P.A |
| သစ်လွင်သော ကောင်းကင်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ (င) အရကြေညာစာ

## ဝမ်းဖိုးကပ် (စ်) ကုမ္ပဏီလီမိတက်

## (1 Focus Company Limited)

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၈/၄၄)၊ ဗေဒါလမ်း၊ ပုန်းထွန်ရပ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

### အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များရှင်းပြရန်။

မီမီကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## CENTURY ELECOM COMPANY LIMITED ၏

အစုရှယ်ယာရှင်များ၏ ဆန္ဒလျောက်ဖျက်သိမ်းရန် ကြေညာချက်

၁။ **CENTURY ELECOM COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၅-၁၂-၂၀၁၆) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် အမှတ် (၅၂)၊ ၄-လွှာ၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [B.Com (A.A), C.P.A] ၊ [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] ဒေါ်မေဖြိုးထွန်း (စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A), C.P.A] နှင့် ဒေါ်မေဖြိုးထွန်းထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဒေါ်မေဖြိုးထွန်း
မန်နေးဂျင်းဒါရိုက်တာ
ရာစုနှစ် အီလက်ကွန် ကုမ္ပဏီလီမိတက်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်

ဦးမြိုင်
B.Com (A.A) C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၅၂)၊ ၄- လွှာ၊
အိုးဘိုလမ်း၊ ကြည့်မြင်တိုင်
ဖုန်းနံပါတ် - ၀၁-၅၁၃၅၆၁

## ဧရာဝတီနှင့် ရွှေပြည်ထောင်များ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်
## (Ayeyarwaddy And Kingdoms Travels Co., Ltd.)

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၆-၁-၂၀၁၇) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် Parkside (၁)၊ (၃) လွှာ၊ ၂၇၁-၂၇၃ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**အောင်သူရိန်မင်း ကုမ္ပဏီလီမိတက်**

**(Aung Thuyain Min Co., Ltd.)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အောင်သူရိန်မင်း ကုမ္ပဏီလီမိတက် (Aung Thuyain Min Co., Ltd.) အား (၁၅-၁၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), C.P.A] အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

SAW NAUNG
Managing Director
Aung Thuyain Min Co., Ltd.

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**မြန်မာ-ဂါမင်းရေလုပ်ငန်း လီမိတက်**

**(MYANMAR GARMING FISHERIES LTD.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာ-ဂါမင်းရေလုပ်ငန်း လီမိတက် (MYANMAR GARMING FISHERIES LTD.)**၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်-၆၁၅ (R) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်ခင်စုဌေး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**Fit Pharmaceutical Manufacturing Co., Ltd.**

ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Fit Pharmaceutical Manufacturing Co., Ltd.** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၆-၁၂-၂၀၁၆) နေ့တွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အားခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို (၁၅-၁-၂၀၁၇) နေ့နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ် ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Sein Wan
Managing Director

Daw Khin Win Yi
Liquidator
189, 2nd F1.(left), Middle Block
39th Street, Kyauktada Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**Fit Myanmar Co., Ltd.**

ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Fit Myanmar Co., Ltd.** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၆-၁၂-၂၀၁၆) နေ့တွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အားခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို (၁၅-၁-၂၀၁၇) နေ့နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ် ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Sein Wan
Managing Director

Daw Khin Win Yi
Liquidator
189, 2nd F1.(left), Middle Block
39th Street, Kyauktada Township, Yangon.

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၆-၁၂-၂၀၁၆။